KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

မတ်လ ၂၂ရက်, ၂၀၂၄ခုနှစ် / KHRG စာအမှတ် - 23-335-I1

# ဘိတ်-ထားဝယ်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ကစယ်ဒိုမြို့နယ်တွင် SAC မှ ရွာသားတစ်ဦးအား အဓမ္မဖမ်းဆီးပြီး သတ်ဖြတ်ခြင်း (၂၀၂၃ခုနှစ်၊ အောက်တိုဘာလ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်တွင်ဖြစ်ပွားခဲ့သည့်လူ့အခွင့်အရေးချိုးဖောက်မှုအကြောင်းကို ဖော်ပြထားသည်။ အောက်တိုဘာလ ၂၅ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၄၀၃)သည် ကစယ်ဒိုမြို့နယ်၊ ကစယ်ခလယ်ဒေသရှိ ကျေးရွာတစ်ရွာတွင် စစ်ကြောင်းထိုးလာသည့်အချိန်၌ ရွာသားတစ်ဦးကို အဓမ္မဖမ်းဆီးခဲ့သည်။ ထိုရွာသား၏အမည်သည် ကိုက---ဖြစ်ပြီး အသက် (၃၁)နှစ်ရှိပြီးဖြစ်သည်။ ကိုက---အား မည်သည့်အကြောင်းကြောင့် ဖမ်းဆီးရသည်ကို မသိရှိရပေ။ အခင်းဖြစ်ပွားပြီးနောက်ပိုင်းတွင် ဒေသခံရွာသားများသည် ကျေးရွာအနီးနားတွင် သေဆုံးနေသော ကိုက---၏အလောင်းကို မြှုပ်နှံထားကြောင်းတွေ့ရှိခဲ့သည်။ ဤဖြစ်စဉ်ကြောင့် ရွာသားများကြားတွင် မလုံခြုံမှုများနှင့် အကြောက်တရားများအား ဖြစ်ပေါ်စေခဲ့သည်။ တစ်ချို့ရွာသားများသည်လည်း ဤကဲ့သို့ဖြစ်စဉ်မျိုးအားရှောင်ရှားရန်အတွက် နီးစပ်ရာကျေးရွာများ သို့မဟုတ် မြို့များသို့တိမ်းရှောင်၍ ခိုလှုံနေထိုင်ကြသည်။* [1]

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | ရွာသားတစ်ဦးအား အဓမ္မဖမ်းဆီး၍ သတ်ဖြတ်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒို (သရက်ချောင်း) မြို့နယ်၊ ကစယ်ခလယ်ဒေသ၊ ဘ---ကျေးရွာနှင့် စ---ကျေးရွာ |

[1] ဤအစီရင်ခံစာသည် ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဘိတ်-ထားဝယ်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံနှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| အမည် | ကိုက--- |
| အသက် | ၃၁ နှစ် |
| ကျား/မ | ကျား |
| လူမျိုး | ဗမာလူမျိုး |
| အိမ်ထောင် ရှိ/မရှိ | အိမ်ထောင်မရှိ |
| အလုပ်အကိုင် | လယ်သမား |
| ကိုးကွယ်သည့် ဘာသာ | ဗုဒ္ဓဘာသာ |
| ရာထူးအဆင့် | မသိရှိရ |
| နေရပ် ရွာအမည် | ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကစယ်ခလယ်ဒေသ၊ ဘ---ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| အမည် | ရာထူး | စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ | အခြေစိုက်သည့်နေရာ ဒေသ | အထက်အရာရှိ အမည် |
| မသိရှိရ | မသိရှိရ | ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၄၀၃) | သရက်ချောင်းတပ်စခန်း | မသိရှိရ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| KHRG ကွင်းဆင်းလုပ်သားတစ်ဦးသည် ဤဖြစ်စဉ်ကို လူမှုကွန်ယက်စာမျက်နှာတွင် ဖတ်ရှုခဲ့ရပြီးနောက် သတင်းအချက်အလက်အသေးစိတ်များသိရှိရန်အတွက် ဒေသခံအာဏာပိုင်များကို ဆက်သွယ်မေးမြန်းခဲ့သည်။ ထို့အပြင် ကိုက---၏ရုပ်အလောင်းကို ကူညီသယ်ဆောင်ပေးခဲ့သည့် ရွာသားတစ်ဦးဖြစ်သူ ကိုခ---ကိုလည်း အင်တာဗျူးခဲ့ပါသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| KHRG ကွင်းဆင်းလုပ်သားမှ အင်တာဗျူးခဲ့သော ကိုခ---သည် ဤဖြစ်စဉ်ကို မျက်မြင်တွေ့ခဲ့သူဖြစ်ပြီး ကိုက--- ၏ရုပ်အလောင်းကို ကိုယ်တိုင်တူးဖော်ပေးခဲ့သူဖြစ်သည့်အတွက်ကြောင့် ဤသတင်းအကြောင်းအရာသည် မှန်ကန်ပါသည်။ |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
| --- |
| ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်နေ့၌ ကစယ်ဒို (သရက်ချောင်း)မြို့တွင် အခြေစိုက်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၄၀၃) သည် ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကစယ်ခလယ်ဒေသရှိ အ---ကျေးရွာသို့ လာရောက်စစ်ကြောင်းထိုးခဲ့သည်။ စစ်ကြောင်းထိုးလာသည့်လမ်းတွင် SAC စစ်သားများသည် ကစယ်ခလယ်ဒေသရှိ ဘ---ကျေးရွာကိုဖြတ်သန်းလာသည့်အချိန်တွင် အသက် (၃၁)နှစ်အရွယ်ရှိသော ရွာသားတစ်ဦးဖြစ်သူ ကိုက---အား ဖမ်းဆီးခဲ့သည်။ ကိုက---အား မည်သည့်အတွက်ကြောင့် ဖမ်းဆီးရသည်ကို မသိရှိရပေ။<br><br>ထိုနေ့နောက်ပိုင်းတွင် SAC စစ်သားများသည် ထိုကျေးရွာမှ ထွက်ခွာသွားခဲ့သည်။ ထို့နောက် ဒေသခံရွာသားများသည် ကိုက---အား လိုက်လံရှာဖွေခဲ့သည်။ ရွာသားများသည် SAC စစ်သားများမှ ကိုက---အား ဖမ်းဆီးခဲ့သည်ကို မြင်တွေ့ခဲ့ခြင်းဖြစ်သည်။ ရွာသားများသည် (၅)ယောက်တစ်ဖွဲ့ဖြစ်စေ၊ (၇)ယောက်တစ်ဖွဲ့ဖြစ်စေ လူစုခွဲပြီး ကိုက---အား ရှာဖွေခဲ့သည်။ ရွာသားများသည် ကိုက---အား ကျေးရွာအနီးဒေသများနှင့် ကျေးရွာရှိနေရာတိုင်းတွင် လိုက်ရှာခဲ့သည်။ ရွာသားများသည် လိုက်ရှာရင်း ကစယ်ခလယ်ဒေသရှိ စ---ကျေးရွာသို့ရောက်ရှိသောအခါ မကြာမီက တူးထားသည့်မြေကြီးများကို တွေ့ရှိခဲ့ပြီး လူသေအနံ့ကို ခံစားမိကြသည်။ ထို့နောက် ရွာသားများသည် မြေကြီးထဲတွင်မြှုပ်နှံထားသည့်ကိုက---၏ရုပ်အလောင်းကို တွေ့ရှိခဲ့သည်။ ကိုက---၏လက်ကိုကြိုးနှင့် နောက်ပြန်တုတ်ထားပြီး ၎င်း၏လည်ပင်းကိုလည်း ကြိုးနှင့်ချည်ထားကြောင်း တွေ့ရှိခဲ့သည်။ ရွာသားများသည် ကိုက---၏ရုပ်အလောင်းကို တူးဖော်ခဲ့ပြီး အသုဘအခမ်းအနားပြုလုပ်ပေးခဲ့သည်။<br><br>SAC မှ ကိုက---အား ဖမ်းဆီးပြီးသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်ကြောင့် ရွာသားများသည် ကြောက်ရွံ့ထိတ်လန့်နေကြသည်။ ရွာသားများအနေဖြင့် ၎င်းတို့ကျေးရွာအနီးတွင် SAC မှ စစ်ကြောင်းထိုးလာသည့်အကြောင်းကို ကြားသိရှိရလျှင် နီးစပ်ရာကျေးရွာများ သို့မဟုတ် မြို့များသို့တိမ်းရှောင်၍ ခိုလှုံနေထိုင်လေ့ရှိသည်။ |



အထက်ပါပုံ (၂)ပုံကို ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကစယ်ခလယ်ဒေသ၊ စ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် သေဆုံးနေ သော ကိုက---၏ရုပ်အလောင်းကို ဖော်ပြထားသည်။ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်နေ့တွင် SAC စစ်သားများသည် ကိုက---အား အဓမ္မဖမ်းဆီး ခဲ့သည်။ ထို့နောက် ရွာသားများသည် ကိုက---၏ရုပ်အလောင်းကို မြေကြီးထဲတွင်မြှုပ်နှံထားကြောင်းတွေ့ရှိခဲ့၍ သူ၏အလောင်းကို တူးဖော်ခဲ့ပြီး ကောင်းမွန်စွာ မြေမြှုပ်သဂြိုလ်ပေးခဲ့သည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

**ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။**

အင်တာဗျူးခံရသော ရွာသားတစ်ဦးသည် ဤသတင်းအချက်အလက်များအား ရေးသားဖြန့်ဝေရန်အတွက် ခွင့်ပြုချက် ပေးထားပါသည်။

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။